# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၁)

## အာဏာရှင်၏ နိုင်ငံရေးအင်အားကို ချည့်နဲ့စေခြင်းက အကြမ်းမဖက်လူထုလှုပ်ရှားမှု၏ အစွမ်းအထက်ဆုံး လက်နက်တခုဖြစ်သည်ဆိုသော အယူအဆ

### ဆိုလိုရင်းအနှစ်ချုပ်

စစ်အာဏာရှင်စနစ်ရဲ့ အုပ်ချုပ်မှုကို အံတုဖြိုချဖို့ လုပ်ဆောင်ကြတဲ့အခါ အကြမ်းမဖက်တဲ့ ပြည်သူတွေဘက်မှာ ဘယ်လို စွမ်းရည်မျိုးတွေ၊ လက်နက်မျိုးတွေ ရှိဖို့လိုမလဲ။ ထင်ရှားတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်ဖြစ်တဲ့ Gene Sharp ကတော့ နိုင်ငံရေးအင်အားကိုပဲ အားကိုးဖို့ တိုက်တွန်းခဲ့ပါတယ်။ ပြည်သူကရွေးကောက်ထားတဲ့ အစိုးရတွေကို ဖယ်ရှားထိန်းသိမ်းပြီး ရာဇပလ္လင်ပေါ်ကို အာဏာသိမ်းခေါင်းဆောင်တွေ တက်ထိုင်လိုက်နိုင်တာနဲ့ အာဏာရှင်တွေဟာ တိုင်းပြည်ကို အုပ်ချုပ်နိုင်၊ ထိန်းချုပ်ခွင့်ရသွားကြတာ မဟုတ်ပါဘူး။ အာဏာသိမ်းယူမှု အထမြောက်ဖို့ဆိုရာမှာ အာဏာသိမ်း အဖွဲ့အစည်းဟာ အစိုးရယန္တရားကို အုပ်စီးမိနိုင်ဖို့လိုသလို၊ ပြည်တွင်းမှာရှိတဲ့ လူမှုစီးပွားအဖွဲ့အစည်းတွေ၊ ဩဇာတိက္ကမကြီးသူ ပုဂ္ဂိုလ်တွေရဲ့လက်ခံမှုရှိမှ ဖြစ်နိုင်ပါလိမ့်မယ်။ တနည်းအားဖြင့် စစ်အာဏာရှင်တွေက လူ့အဖွဲ့အစည်းရဲ့ကူညီထောက် ခံမှုမရှိရင်၊ တခါ ‘နိုင်ငံရေးအင်အား’ မရှိရင် အုပ်ချုပ်မှုယန္တရားလည်ပတ်ဖို့ ခက်ခဲစေနိုင်လို့ ဖြစ်ပါတယ်။ အာဏာရှင်တွေ နိုင်ငံရေးအင်အား ရှိမရှိဆိုခြင်းအပေါ် Gene Sharp ပြောတဲ့အခါ အာဏာဒေါက်တိုင် ခြောက်ချောင်းအပေါ် မူတည်တာကို တွေ့နိုင်ပါတယ်။

(၁) **အာဏာကိုင်စွဲ အုပ်ချုပ်ခွင့်ရှိခြင်း –** လူထုက အာဏာရှင်အဖွဲ့အစည်းဟာ တရားဝင်ဖြစ်တယ်၊ ဒါကြောင့် အာဏာရှင်တွေချမှတ်တဲ့ စည်းမျဉ်းတွေ၊ ဥပဒေတွေနဲ့အညီ နေထိုင်မယ်လို့ လက်ခံလိုက်ခြင်း၊

(၂) **လူ့စွမ်းအားအရင်းအမြစ် လုံလောက်စွာရှိခြင်း –** အာဏာရှင်စနစ်အောက်မှာ နာခံမယ့်၊ ပူးပေါင်းမယ့်၊ ကူညီမယ့် လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေဟာ အင်အားကောင်းသလား၊ ဩဇာရှိကြသလား၊ နာမည်ကောင်းရှိသလား၊

(၃) **အာဏာရှင်အဖွဲ့အစည်းရဲ့ အသိပညာနဲ့ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုရှိခြင်း –** အာဏာရှင်အဖွဲ့အစည်းဟာ နည်းနာကြွယ်ဝပြီး လုပ်ငန်းတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ စီမံဆောင်ရွက်ခြင်း၊

(၄) **ရုပ်ဝတ္ထုပစ္စည်းများ၊ ရင်းမြစ်များ လုံလောက်စွာရှိခြင်း –** သဘာဝသယံဇာတ၊ ငွေကြေးအရင်းအမြစ်၊ စီးပွားရေးစနစ်၊ ပို့ဆောင်ဆက်သွယ်ရေး စနစ်တွေအပေါ်မှာ အာဏာရှင်က ဘယ်လောက် ထိန်းချုပ်နိုင်မှုရှိသလဲ၊

(၅) **လူထုယုံကြည်ချက် ပျက်သွားစေမယ့်အကြောင်းများ –** လူထုက အာဏာရှင်ကို ကြောက်ပြီး ယုံကြည်ချက်ပျက်သွားမယ့်၊ ဘက်ပြောင်းသွားစေနိုင်မယ့် အကြောင်းများရှိသလား၊

(၆) **ဖိနှိပ် အရေးယူဆောင်ရွက်ခြင်း –** အကြမ်းမဖက် လှုပ်ရှားမှုတွေကို အာဏာရှင်က ခြိမ်းခြောက်ခြင်း၊ ထိရောက်အောင် ဖိနှိပ်အရေးယူနိုင်ခြင်းတွေ လုပ်နိုင်စွမ်းရှိလား စတာတွေပဲ ဖြစ်ပါတယ်။

ပြည်သူတွေဟာ ဒီဒေါက်တိုင်တွေကို လှဲဖြိုခြင်းအားဖြင့် အာဏာရှင်ရဲ့ နိုင်ငံရေးအင်အားကို ယုတ်လျော့အောင်လုပ်ပြီး အာဏာရှင်တွေရဲ့အာဏာကိုင်စွဲခြယ်လှယ်မှု လက်လွတ်ဆုံးရှုံးအောင် လုပ်နိုင်ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၁)

အာဏာရှင်၏ နိုင်ငံရေးအင်အားကို ချည့်နဲ့စေခြင်းက အကြမ်းမဖက်လူထုလှုပ်ရှားမှု၏ အစွမ်းအထက်ဆုံး လက်နက်တခုဖြစ်သည်ဆိုသော အယူအဆ

### Gene Sharp ဖွင့်ဆိုသော အာဏာဒေါက်တိုင် ခြောက်ချောင်း



## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၁)

### အာဏာရှင်၏ နိုင်ငံရေးအင်အားကို ချည့်နဲ့စေခြင်းက အကြမ်းမဖက်လူထုလှုပ်ရှားမှု၏ အစွမ်းအထက်ဆုံး လက်နက်တခုဖြစ်သည်ဆိုသော အယူအဆ

### ဘာကြောင့်အလေးထားသင့်သလဲ

ကမ္ဘာပေါ်က အကြမ်းမဖက် လူထုတော်လှန်ရေးတွေမှာ တနိုင်ငံနဲ့ တနိုင်ငံ ဆောင်ရွက်ပုံနည်းနာတွေ မတူကြပေမယ့် အာဏာရှင်ရဲ့ ဒေါက်တိုင်တွေကို တဖြည်းဖြည်း ဖြိုလှဲတဲ့နည်းနဲ့ နိုင်ငံရေးအင်အား ဆုတ်ယုတ်စေပြီး အာဏာစွန့်ခွာအောင် လုပ်နိုင်ခဲ့တဲ့ သာဓက အများကြီးရှိပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း တူနီးရှား၊ အီဂျစ်နဲ့ ယူကရိန်းနိုင်ငံတွေမှာ ဖြစ်ခဲ့တဲ့ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေမှာ အာဏာသိမ်းစစ်တပ်ရဲ့ နိုင်ငံရေးအင်အား ကျဆင်းအောင် နည်းမျိုးစုံနဲ့ အဆက်မပြတ် ဖိအားပေးခဲ့ပြီး နောက်ဆုံးမှာလူထုလိုလားတဲ့ရလဒ်ကိုဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒီနည်းလမ်းတွေထဲမှာ အာဏာစက် မတည်ဆောက်နိုင်အောင် ဝန်ထမ်းတွေ အလုပ် မဆင်းတာ၊ အခွန် မပေးတာ၊ အာဏာရှင်တွေနဲ့မပူးပေါင်းတာ၊သူတို့နဲ့ပတ်သက်တဲ့စီးပွားရေးလုပ်ငန်းတွေ၊ ထုတ်ကုန်တွေကို မသုံးစွဲဘဲ သပိတ်မှောက်တာ စသဖြင့် ရသမျှ နည်းတွေနဲ့ အာဏာရှင်တွေကို ဆန့်ကျင်တာတွေလည်း ပါဝင်ခဲ့ပါတယ်။ အကြမ်းမဖက်လှုပ်ရှားမှုနဲ့ အာဏာဒေါက်တိုင် ခြောက်တိုင်ကို ဖြိုလှဲနိုင်ခြင်းအားဖြင့် အာဏာသိမ်း အဖွဲ့အတွင်းက ခေါင်းဆောင်အချို့ဟာ ပြည်သူဘက်ကို ပြောင်းလဲ ရပ်တည်လာတာ၊ နိုင်ငံတကာ ဝင်ရောက်ဖျန်ဖြေမှုတွေ ရှိလာတာစတဲ့ အာဏာရှင်တွေ အာဏာလက်လွှတ်ရေးကို အထောက် အကူဖြစ်စေမယ့် အကြောင်းတရားတွေကို ပေါ်ပေါက်စေအောင် စေ့ဆော်တွန်းအားပေးနိုင်တာကြောင့် အလေးထားသင့်ပါတယ်။

### မြန်မာနိုင်ငံအတွက် ဆီလျော်သလား

အခုလက်ရှိ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှု အောင်မြင်စေဖို့ လက်နက်မဲ့ ပြည်သူတွေဘက်မှာ ဘယ်လိုစွမ်းရည်မျိုးတွေ ရှိဖို့လိုမလဲ ဆိုခြင်းအတွက် Gene Sharp ပြောဆိုခဲ့တဲ့ အာဏာဒေါက်တိုင်ခြောက်ချောင်းကို ချည့်နဲ့စေနိုင်မလားဆိုတာနဲ့ ချိန်ထိုးပြီး နားလည်နိုင်တာမို့ မြန်မာနိုင်ငံနဲ့ ဆီလျော်ပါတယ်။ ဒီမှာတော့ ဒေါက်တိုင် ၁ ကနေ ၄ အထိကို မြန်မာပြည်သူတွေက လုပ်ဆောင်နေပြီး အတန်အသင့် အောင်မြင်နေပါတယ်။

(၁) ဖေဖော်ဝါရီ ၁ ရက်ကနေ အခုချိန်အထိ အာဏာသိမ်း စစ်ကောင်စီရဲ့အာဏာစက် အသက်မဝင်နိုင်အောင် ပြည်သူတွေက တိုက်ပွဲပုံသဏ္ဌာန်မျိုးစုံနဲ့ အန်တုခဲ့ကြပါတယ်။ အကြမ်းမဖက်လှုပ်ရှားမှု Civil Disobedient Movement - CDM မှာ အစိုးရဝန်ထမ်းတွေ ပါဝင်ခဲ့ကြတာ၊ အာဏာသိမ်း စစ်ကောင်စီရဲ့ အမိန့်အရဖြစ်လာတဲ့ ရပ်ကျေး အုပ်ချုပ်ရေးမှူးတွေကို ကိုယ့်မြို့ကိုယ့်ရွာတွေမှာ အုပ်ချုပ်ခွင့်မပေးခြင်း၊ အစိုးရအဖြစ် အသိအမှတ်မပြုတာကြောင့် အခွန်မဆောင်တာ၊ လျှပ်စစ်သုံးစွဲမှု အခကြေးငွေ မပေးဆောင်တာ စတာတွေကို ပြုလုပ်ကြပါတယ်။

(၂) အာဏာသိမ်း စစ်ကောင်စီရဲ့ ယန္တရားမှာ ပါဝင်သူတွေဟာ အရည်အချင်းပေါ်မူတည်ပြီး ရွေးချယ် ခန့်အပ်တာထက်၊ အရင် ရွေးကောက်ခံ အစိုးရခေါင်းဆောင်တွေနဲ့ ပြဿနာရှိခဲ့

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၁)
## အာဏာရှင်၏ နိုင်ငံရေးအင်အားကို ချည့်နဲ့စေခြင်းက အကြမ်းမဖက်လူထုလှုပ်ရှားမှု၏ အစွမ်းအထက်ဆုံး လက်နက်တခုဖြစ်သည်ဆိုသော အယူအဆ

သူတွေ၊ အာဏာသိမ်း စစ်ကောင်စီကို သစ္စာခံမယ့် သူတွေကိုသာ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ စစ်အာဏာသိမ်းမှုကို လက်မခံတဲ့အနေနဲ့ နာမည်ဂုဏ်သတင်း ကျော်ကြားသူအများစုက အာဏာသိမ်းစစ်ကောင်စီရဲ့ ယန္တရားမှာ ပါဝင်ခဲ့ခြင်းမရှိဘဲ ဆန့်ကျင်ခဲ့ပါတယ်။ တချိန်တည်းမှာပဲ စစ်အာဏာရှင်စနစ် ယန္တရားမှာ ပါဝင်နေသူတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေ၊ သူတို့နဲ့ ပတ်သက်ဆက်နွှယ်နေသူတွေအပေါ် နာမည်နဲ့တကွ ဖော်ထုတ်ပြီး လူမှုရေးပြစ်ဒဏ်ခတ်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာတာကြောင့် ပါဝင်ခြင်းမရှိဘဲ ဆန့်ကျင်ခဲ့ကြသူတွေလည်း ရှိပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေလို ပရော်ဖက်ရှင်နယ်တွေ၊ ပညာရှင်တွေအပါအဝင် အစိုးရဝန်ထမ်းတွေကလည်း လုပ်ငန်းခွင်မဝင်ကြတော့ဘဲ အကြမ်းမဖက်လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့တာကြောင့် လူ့စွမ်းအား အရင်းအမြစ်ပိုင်းမှာ များစွာ ထိခိုက်မှုများရှိပြီး အုပ်ချုပ်မှုယန္တရားကောင်းမွန်စွာလည်ပတ်ဖို့အတွက် အကျပ်အတည်း ကြုံစေခဲ့ပါတယ်။

(၃) ဆန္ဒထုတ်ဖော်နေကြတဲ့ ပြည်သူတွေကို အင်အားသုံး အကြမ်းဖက် ဖိနှိပ်ဖြိုခွင်းမှုတွေ လုပ်နေချိန်မှာ စစ်အာဏာရှင်တွေဟာ သူတို့ကို ထောက်ခံသူတွေ၊ ပူးပေါင်း ဆောင်ရွက်သူတွေရဲ့ လုပ်ငန်း ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ အသိပညာကြွယ်ဝမှု အားနည်းတာတွေကို ထည့်သွင်းစဉ်းစားမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အစိုးရယန္တရား အမှန်တကယ် လည်ပတ်ဖို့ လိုလာတဲ့ အချိန်မှာတော့ ကျွမ်းကျင်မှုမျိုးလည်းမရှိ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေကလည်း မပူးပေါင်းတော့တဲ့အခါ ဒုက္ခတွေ့စေမှာဖြစ်ပြီး သူတို့ရဲ့ နိုင်ငံရေး အင်အားချည့်နဲ့မှုအပေါ် သက်ရောက်စေမှာ ဖြစ်ပါတယ်။

(၄) ပုဂ္ဂလိကဘဏ်တွေလိုမျိုးစီးပွားရေးလုပ်ငန်းစုတွေကို မလည်ပတ်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း ရုပ်ဝတ္ထုပစ္စည်းတွေ၊ ရင်းမြစ်တွေအပေါ် အာဏာသိမ်းစစ်ကောင်စီက မထိန်းချုပ်နိုင်အောင် ပြည်သူတွေဘက်က ဖိအားပေးခဲ့ပါတယ်။

အာဏာဒေါက်တိုင် ၅ နဲ့ ၆ တို့မှာ ဖော်ပြထားသလို သူတို့အပေါ် ထောက်ခံလာအောင် အာဏာသိမ်းစစ်ကောင်စီက ဖိနှိပ်မှုမျိုးစုံနဲ့ ဆောင်ရွက်လာသလို၊ သူတို့ပြောတဲ့အတိုင်း မနေရင် ပြင်းထန်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်မယ်ဆိုပြီး ခြိမ်းခြောက်ခြင်းအားဖြင့်လည်း သူတို့ရဲ့နိုင်ငံရေးအာဏာစက်ကို ပြန်လည်တည်ဆောက်နိုင်ဖို့ကိုလည်း စစ်ကောင်စီက အားထုတ်နေတာ တွေ့ရပါတယ်။

ဆန္ဒထုတ်ဖော်သူတွေကို အကြမ်းဖက် ပစ်ခတ်နှိမ်နင်းတာ၊ ဆန္ဒထုတ်ဖော်သူတွေက အကြမ်းဖက်မှုတွေလုပ်လာတယ် ဆိုပြီး လူအများစုရဲ့ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုတွေအပေါ် ပုံဖျက်ဖို့ ကြိုးစားလာတာ၊ ညအချိန်မတော် လူခြေတိတ်ချိန်မှာ ရပ်ရွာတွေထဲ လက်နက်တွေနဲ့ ဝင်ရောက်ပြီး အသံပုံးတွေဖောက်တာ၊ ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာပြီး သေနတ်တွေနဲ့ အဆက်မပြတ် ပစ်ခတ်ခြောက်လှန့်တာ၊ ပြည်သူတွေရဲ့ပိုင်ဆိုင်မှုတွေ (စတိုးဆိုင်၊ ယာဉ်၊ အစားအသောက် စသဖြင့်) ကို ဖျက်ဆီးယူဆောင်တာတွေလုပ်ပြီး ပြည်သူတွေ ကြောက်စိတ်ဖြစ်အောင် ဖန်တီးယူရင်း စစ်ကောင်စီကို လက်ခံလာအောင် ကြိုးပမ်းတာတွေလည်း ရှိလာပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၁)

### အာဏာရှင်၏ နိုင်ငံရေးအင်အားကို ချည့်နဲ့စေခြင်းက အကြမ်းမဖက်လူထုလှုပ်ရှားမှု၏ အစွမ်းအထက်ဆုံး လက်နက်တခုဖြစ်သည်ဆိုသော အယူအဆ

တချိန်တည်းမှာပဲ ပြည်သူတွေရဲ့ ဆန္ဒပြမှုနောက်ကွယ်မှာ NLD ပါတီ ရှိနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို ကိုင်စွဲပြီး လူထုယုံကြည်မှု ပျက်ပြားစေဖို့ ရွေးကောက်ခံ NLD ခေါင်းဆောင်တွေ ဂုဏ်သိက္ခာ ထိပါးစေမယ့် ဥပဒေပုဒ်မတွေနဲ့ တရားစွဲဆိုတာ၊ အာဏာသိမ်း စစ်ကောင်စီရဲ့ တရားဝင်မှုကိုခြိမ်းခြောက်နေတဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) အဖွဲ့ဝင်တွေနဲ့ CDM မှာ ပါဝင်သူတွေ၊ ထောက်ခံအားပေးသူတွေကို ဝရမ်းထုတ်တာ၊ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုလို ကြီးလေးတဲ့ ပြစ်မှုတွေတပ်ဖို့၊ အရေးယူဖို့ လုပ်ဆောင်နေကြတာတွေကလည်း အာဏာသိမ်း စစ်ကောင်စီက သူတို့ရဲ့နိုင်ငံရေးအာဏာကို စုစည်းဖို့ကြိုးပမ်းနေတဲ့ အချက်အဖြစ် သတိချပ်စရာဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှု အောင်မြင်စေဖို့အတွက် အာဏာဒေါက်တိုင် ၁ ကနေ ၄ အထိက အရေးကြီးသလို ဒေါက်တိုင် ၅ နဲ့ ၆ တို့ကြောင့်လည်း အာဏာရှင်တွေရဲ့ အကြောက်တရားသွင်း ဖိနှိပ်ခြင်းနဲ့ နိုင်ငံရေးအင်အား ပြန်လည်တည်ဆောက်နေမှု စက်ကွင်းထဲ ဝင်သွားတတ်တာကို သတိပြုရပါမယ်။

အုပ်ချုပ်ခံ ဒါမှမဟုတ် အုပ်ချုပ်စရာ လူထုမရှိရင် အာဏာသိမ်းလိုက်ရုံနဲ့ အာဏာတည်တာ မဟုတ်တဲ့အတွက် အာဏာရှင်တွေ အနေနဲ့ အမြန် အာဏာစွန့်ခွာဖို့ဆိုရင် လူထုရဲ့ အကြမ်းမဖက်လှုပ်ရှားမှုဟာ အစွမ်းထက်ဆုံးလက်နက် ဖြစ်ပါတယ်။ ဒါကြောင့် အာဏာရှင်တွေရဲ့ နိုင်ငံရေးအင်အား ယုတ်လျော့အောင် လုပ်တဲ့နေရာမှာ နိုင်ငံရေး သိပ္ပံပညာရှင် Gene Sharp ပြောတဲ့ အာဏာဒေါက်တိုင် ခြောက်ချောင်းလုံးကို ဖြိုချနိုင်ရေးကလည်း လေ့လာသင့်တဲ့ အကြောင်း အရာတခု ဖြစ်ပါတယ်။

**Further Readings**

Gene, S. 2010. *From Dictatorship to Democracy. A Conceptual Framework for Liberation.* The Albert Einstein Institution. The United States.

Chenoweth, E., & Stephan, M. J. 2014. Drop your weapons: When and why civil resistance works. *Foreign Affair,* 93, 94.